# မြန်မာ့အမျိုးသမီးသမဂ္ဂ

ဇူလိုင်လ ၂၀၂၆ ခုနှစ်

## ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း အကြမ်းဖက် စစ်အုပ်စုသည် လေကြောင်းနှင့် မြေပြင်တိုက်ခိုက်မှု အသုံးပြုပြီး အမျိုးသမီး “၃၃၂” ဦး အား သတ်ဖြတ်ခဲ့သည်။


အကြမ်းဖက် စစ်အုပ်စုသည် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်များအပေါ် ကျူးလွန်သော ရာဇဝတ်မှုများ အပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို နည်းမျိုးစုံဖြင့် ဆက်လက် ကျူးလွန်နေသည်။ အမျိုးသမီးများ၏ နေ့စဉ်ဘဝတွင် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများအပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေး ချိုးဖောက်မှု ပုံစံများကြောင့် အသက်ဆုံးရှုံးနေရသည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှ ဇွန်လ(၃၀) ရက်နေ့ အတွင်း အမျိုးသမီး (၃၃၂) ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ယခု အချက်အလက်များသည် တိကျခိုင်လုံသော သတင်းမီဒီယာများ၏ သတင်း အချက်အလက်များကို စောင့်ကြည့်မှုများအပြင် မြေပြင်မှ အချက်အလက် ကောက်ယူထားမှုများကို ပြန်လည် စုစည်း တင်ပြထားခြင်း ဖြစ်သည်။ သို့သော် လက်တွေ့မြေပြင်အခြေအနေတွင် မိမိတို့ အနေဖြင့် ဒေတာနှင့် သတင်းအချက်အလက်များကို လက်လှမ်းမီနိုင်ရန် အခက်အခဲများစွာ ရှိသဖြင့် ကိန်းဂဏန်းများသည် မြေပြင်၌ ယခုထက်ပို၍ များနိုင်ပါသည်။

| | |
|---|---|
| သေဆုံးသူ | ၃၃၂ |
| ထိခိုက်ဒဏ်ရာရသူ | ၃၀၆ |

https://www.facebook.com/burmesewomensunion
https://burmesewomensunion.org

# အမျိုးသမီး သေဆုံးသူနှင့် ထိခိုက်ဒဏ်ရာရသူ အရေအတွက်

## အမျိုးသမီးသေဆုံးသူ အရေအတွက်





မြန်မာ့အမျိုးသမီးသမဂ္ဂ အနေဖြင့် သတင်းမီဒီယာများမှ အချက်အလက် စောင့်ကြည့် လေ့လာ မှတ်တမ်းတင်ထားမှုများအရ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှ ဇွန်လ (၃၀) ရက် အတွင်း နိုင်ငံတဝှမ်း အမျိုးသမီး (၃၃၂) ဦး အသက်ဆုံးရှုံးခဲ့သည်။ ထိုသို့ အသက်ဆုံးရှုံးခဲ့ရသည့် အကြောင်းအရင်းများမှာ အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် (၂၄၂) ဦး၊ မတရား သတ်ဖြတ်ခံရမှုကြောင့် (၄၂) ဦး၊ လက်နက်ကြီး ပစ်ခတ်ခံရမှုကြောင့် (၂၉) ဦး၊ မီးရှို့သတ်ဖြတ်ခံရမှုကြောင့် (၉) ဦး၊  ကျည်ထိမှန်မှုကြောင့် (၇) ဦး၊ မြေမြှုပ်မိုင်းကြောင့် (၁) ဦး၊ ဆေးကုသခွင့် မရရှိမှုကြောင့် (၁) ဦးနှင့် ပဋိပက္ခကာလအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကြောင့် (၁) ဦး တို့ ဖြစ်ကြသည်။

**၅၈** သေဆုံးသူ အသက် (၁၈) နှစ်အောက် အမျိုးသမီးငယ် အရေအတွက်

**၁၀** သေဆုံးသူများထဲမှ ကိုယ်ဝန်ဆောင် အမျိုးသမီး အရေအတွက်

**၁** သေဆုံးသူများထဲမှ မသန်စွမ်း အမျိုးသမီး အရေအတွက်

## အမျိုးသမီး ထိခိုက်ဒဏ်ရာရသူ အရေအတွက်




အမျိုးသမီး (၃၀၆) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ထိုသို့ ထိခိုက်ဒဏ်ရာရရှိသည့် အကြောင်းအရင်းမှာ အကြမ်းဖက် စစ်အုပ်စု၏ လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် (၂၁၅) ဦး၊ လက်နက်ကြီး ပစ်ခတ်ခံရမှုကြောင့် (၅၀) ဦး၊ မြေမြှုပ်မိုင်းကြောင့် (၂၆) ဦး၊ ပဋိပက္ခကာလ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကြောင့် (၁၂) ဦးနှင့် ကျည်ထိမှန်မှုကြောင့် (၃) ဦး တို့ ဖြစ်ကြသည်။

# တိုင်းနှင့် ပြည်နယ်အလိုက် အမျိုးသမီးသေဆုံးမှုပြပုံ

| ပြည်နယ်၊ တိုင်း | သေဆုံးသူ အမျိုးသမီး အရေအတွက် |
|---|---|
| စစ်ကိုင်းတိုင်း | ၁၀၂ |
| ပဲခူးတိုင်း | ၄၇ |
| ရခိုင်ပြည်နယ် | ၄၁ |
| မကွေးတိုင်း | ၂၉ |
| မန္တလေးတိုင်း | ၂၈ |
| ကရင်ပြည်နယ် | ၁၇ |
| ချင်းပြည်နယ် | ၁၆ |
| ကချင်ပြည်နယ် | ၁၅ |
| တနင်္သာရီတိုင်း | ၁၅ |
| မွန်ပြည်နယ် | ၁၁ |
| ကရင်နီပြည်နယ် | ၉ |
| ရှမ်းပြည်နယ် | ၂ |




မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက် ကောက်ယူ မှတ်တမ်းတင်မှုများအရ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့မှ ဇွန်လ (၃၀) ရက်နေ့အထိ အသက်ဆုံးရှုံးခဲ့ရသည့် အမျိုးသမီးများဦးရေသည် စစ်ကိုင်းတိုင်း မှ (၁၀၂) ဦး၊ ပဲခူးတိုင်းမှ (၄၇) ဦး နှင့် ရခိုင်ပြည်နယ်မှ (၄၁) ဦး တို့ ဖြစ်ကြပြီး စစ်ကိုင်းတိုင်းသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ မှ ဇွန်လ အထိ အမျိုးသမီး သေဆုံးမှု အများဆုံး ဖြစ်သည်။

# အရေးပေါ်လုပ်ဆောင်ရန်တိုက်တွန်းချက်များ

- ပြစ်ဒဏ်မှ အလုံးစုံကင်းလွတ်ခွင့်ရနေသည်ကို အဆုံးသတ်နိုင်ရန်နှင့် ရှင်သန်လွတ်မြောက်လာသူများ အတွက် တရားမျှတမှုနှင့် ကုစားမှုများ အာမခံချက်ပေးခြင်းဖြင့် ဆိုးရွားလှသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အမြန်ဆုံးရပ်တန့်ရန် မြန်မာ့အမျိုးသမီးသမဂ္ဂမှ အာဆီယံနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းသို့ တိုက်တွန်းပါသည်။ အကြမ်းဖက် စစ်အုပ်စု၏ အကြမ်းဖက်မှုများ အဆုံးသတ်နိုင်ရန်အတွက် အားကောင်းပြီးတိကျသေချာသော အကူအညီနှင့် လက်တွေ့လုပ်ဆောင်များကို မြန်မာပြည်သူများ အရေးတကြီးလိုအပ်လျက်ရှိသည်။

- အကြမ်းဖက် စစ်အုပ်စုသည် အတုအယောင်ရွေးကောက်ပွဲ ပြုလုပ်ပြီးနောက် အဘက်ဘက်တွင် အစိုးရတရပ် ပုံစံ ပုံဖော်နေသော်လည်း လက်တွေ့တွင် နိုင်ငံတဝှမ်း လေကြောင်းတိုက်ခိုက်ခြင်း၊ ပြည်သူများအား အစုအလိုက် အပြုံလိုက်သတ်ဖြတ်ခြင်း၊ ညှင်းပန်း နှိပ်စက်ခြင်း အစရှိသည့် အကြမ်းဖက် လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ် တွင်ကျယ်စွာလုပ်ဆောင်နေသည်။ ထို့ကြောင့် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ၎င်းတို့အား တရားဝင်အစိုးရအဖြစ် အသိအမှတ်မပြုရန်နှင့် အကြမ်းဖက်စစ်အုပ်စုထံသို့ ငွေကြေး စီးဆင်းမှုကို ဖြစ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှု၊ ထောက်ပံ့ကူညီမှုနှင့် ပူးပေါင်း ဆောင်ရွက်မှု မှန်သမျှအား ချက်ချင်းရပ်သိမ်းရပ်ဆိုင်းရန်။

- အကြမ်းဖက်စစ်အုပ်စုထံ လက်နက်ခဲယမ်းများနှင့် လေယာဉ်ဆီများ မရောက်ရှိစေရန် တိကျစွာ ဒဏ်ခတ်အရေးယူပိတ်ဆို့မှုများ ပြဋ္ဌာန်းကျင့်သုံးပြီး အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက် နေသည့် ရက်စက်ကြမ်းကြုတ်မှုမှန်သမျှ ရပ်တန့်ရန် ဖိအားပေး တိုးမြှင့်လုပ်ဆောင်ရန်။

- ပြစ်ဒဏ်မှအလုံးစုံကင်းလွတ်နေမှုကို အဆုံးသတ်နိုင်ရန်အတွက် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ် အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုများဖြင့် ပြစ်မှုကျူးလွန်သူ အကြမ်းဖက် စစ်အုပ်စုခေါင်းဆောင်များကို အာဏာရှင်တီးနား၏ ဖမ်းဝရမ်းထုတ်ပြန်မှုကိုအား အာဆီယံနှင့်နိုင်ငံတကာ အသိုင်းအဝိုင်းများက ပံ့ပိုးကူညီ၍ပူးပေါင်းဆောင်ရွက်ရန်။

- တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၊ ကြားကာလအစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့အစည်းများ၊ LGBTQIA+ လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဒေသတွင်းနိုင်ငံနှင့် နိုင်ငံတကာပလက်ဖောင်းများမှ တဆင့် စည်းရုံးရေးများလုပ်ဆောင်ရန်။